# VSLA Manual

Village Saving and Loan Association (VSLA)

**12 June 2009**

**U Thein Zaw (Thantzinaung)**

Save the Children

# ကျေးရွာလူထုအခြေပြု အသေးစားငွေကြေးဝန်ဆောင်မှုလုပ်ငန်း

## လက်စွဲစာစောင်

| | မာတိကာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၃ |
| ၂။ | ဆင်းရဲခြင်းသံသရာ | ၄ |
| ၃။ | ဆင်းရဲခြင်းမှ လွတ်မြောက်ရာ | ၇ |
| ၄။ | အသက်မွေးဝမ်းကျောင်းဆိုတာဘာပါလဲ | ၉ |
| ၅။ | စီမံကိန်းသံသရာ | ၁၁ |
| ၆။ | ဘာကြောင့် အသေးစားငွေကြေးဝန်ဆောင်မှု | ၁၄ |
| ၇။ | ရေရှည်တည်တံ့စေမည့် ငွေစုငွေကြေးနည်းလမ်း | ၁၅ |
| ၈။ | ကိုယ်တိုင်ပါဝင်သည့်လုပ်ငန်းစောင့်ကြည့်မှုစနစ် | ၁၉ |
| ၉။ | လွယ်ကူရှင်းလင်းသော အသေးစားငွေချေးမှုစနစ်ပုံစံ (ဖွဲ့စည်းပုံ) | ၁၉ |
| ၁၀။ | နောက်ဆက်တွဲပုံစံများ | |
| | ဒို့ကျေးရွာ (၁) အဖွဲ့ဝင်စာရင်း | ၂၃ |
| | ဒို့ကျေးရွာ (၂) အမှုဆောင်စာရင်း | ၂၄ |
| | ဒို့ကျေးရွာ (၃) အဖွဲ့ဝင်အဖြစ်အသိအမှတ်ပြုသည့်ပုံစံ | ၂၅ |
| | ဒို့ကျေးရွာ (၄) အသင်း၏စည်းကမ်းများ | ၂၅ |
| | ဒို့ကျေးရွာ (၅) ငွေဝင်/ငွေထွက်မှတ်တမ်း | ၂၇ |

ဒို့ကျေးရွာ (၆) စုဆောင်းငွေစာရင်း ၂၈

ဒို့ကျေးရွာ (၇) ချေးငွေစာရင်း ၂၉

ဒို့ကျေးရွာ (၈) ပြန်ဆပ်ငွေစာရင်း ၃၀

ဒို့ကျေးရွာ (၉) သုံးငွေစာရင်း ၃၁

ဒို့ကျေးရွာ (၁၀) ဝင်ငွေစာရင်း ၃၂

ဒို့ကျေးရွာ (၁၁) နှစ်ချုပ်/ရသုံးငွေစာရင်း ၃၂

ဒို့ကျေးရွာ (၁၂) ချေးငွေအခြေပြပုံစံ ၃၃

ဒို့ကျေးရွာ (၁၃) အဆိုပြုစီးပွားရေးလုပ်ငန်းတွက်ချက်ခြင်း ၃၄

ဒို့ကျေးရွာ (၁၄) အစည်းအဝေးမှတ်တမ်း ၃၅

ဒို့ကျေးရွာ (၁၅) တစ်ဦးချင်းငွေစာရင်းမှတ်တမ်း ၃၇

လက်တွေ့လေ့ကျင့်ခန်းများ

လေ့ကျင့်ခန်း (၁) အသုံးအဖြုန်းဆန်းစစ်ခြင်း ၃၈

လေ့ကျင့်ခန်း (၂) စီးပွားလုပ်ငန်း တွက်ချက်ခြင်း ၃၈

လေ့ကျင့်ခန်း (၃) စီးပွားလုပ်ငန်း စ/ဆုံး လုပ်ကိုင်ဆောင်ရွက်ပုံ ၃၈

လေ့ကျင့်ခန်း (၄) ငွေစာရင်းပုံစံတည်ဆောက်ခြင်း ၃၉

လေ့ကျင့်ခန်း (၅) ချေးငွေပေးရန်ဆုံးဖြတ်ခြင်း ၃၉

လေ့ကျင့်ခန်း (၆) ချေးငွေသုံးစွဲပုံမှားယွင်းသူကို စိစစ်ခြင်း ၃၉

၁၁။ နိဂုံး ၄၀

## ၁။ နိဒါန်း

ကျွန်တော်တို့သည် မွေးစမှသည် ကွယ်လွန်ချိန်အထိ ကောင်းမွန်လုံခြုံစွာ ရှင်သန်နေထိုင်လိုသူချည်း ဖြစ်ပါသည်။ ကျွန်တော်တို့ ကလေးဘ၀တွင်ရှိစဉ် ကျွန်တော်တို့မိဘများက ကျွန်တော်တို့ကို လူလားမြောက်သည်အထိ အကောင်းဆုံးကြိုးစားစောင့်ရှောက်ခဲ့ကြပါသည်။ ကျွန်တော်တို့ မိဘဖြစ် လာသောအခါ ကျွန်တော်တို့သားသမီးများကို အကောင်းဆုံး ကြိုးစား စောင့်ရှောက်ခဲ့ကြပါသည်။ ထိုနည်းတူစွာပင် ကျွန်တော်တို့၏သားသမီးများကလည်း သူတို့၏သားသမီးများကို ကောင်းစွာရှင်သန် ကြီးထွားလာအောင် အကောင်းဆုံးစောင့်ရှောက်ကြမည်၊ စောင့်ရှောက်လိုကြမည်မှာ သေချာပါသည်။ သို့သော် ကျွန်တော်တို့ထင်တိုင်းမပေါက်ကြပါ။ ကျွန်တော်တို့ ရွာသားအချင်းချင်းတွင်ပင် အချို့ပြည့်စုံသည်၊ အချို့အလယ်အလတ်အဆင့်ရှိသည်၊ အချို့ဆင်းရဲသည်၊ အချို့အလွန့်အလွန် ဆင်းရဲသည်။ ဘာကြောင်များပါလိမ့်။ အတိတ်ကံမကောင်းသူက၊ ယခုဘ၀ကံမကောင်း။ အတိတ်ကံကောင်းသူက ယခုဘ၀ကံကောင်းသည်ဟု ဆိုကြပါသည်။ ဟုတ်ကောင်းဟုတ်ပါမည်။  သို့ရာတင် ကံမကောင်းသူကို တစ်သက်လုံးကံမကောင်းတော့ဟု ပြောဖို့ကားမဖြစ်နိုင်ပါ။

ကံဆိုသည်မှာ အလုပ်ဟု မြတ်စွာဘုရားဟောခဲ့ဖူးပါသည်။ ကံ၊ စိတ်၊ ဥတု၊ အာဟာရမျှတလျှင် ကျန်းမာအသက်ရှည်သည်ဟု ဆိုကြသည်။ စေတနာသည် ကံဟုဆိုကြသည်။ ကိုယ်စိုက်သောအပင်၏အသီးကိုသာ ကိုယ်စားရမည်ဟု ဆိုကြသည်။ ကိုယ်ပြုသောကံ ကိုယ့်ထံပြန်လာမည်ဟုလည်း ဆိုကြသည်။

အတိတ်ကံ၏ ဆိုးကျိုးကို လျော့ပါးအောင်လုပ်နိုင်လျှင် ပစ္စုပ္ပန်တွင် ကောင်းကျိုးရအောင် အားထုတ်နေခဲ့လျှင် အနာဂတ်တွင် မကွယ်လွန်မီပင်ကောင်းကျိုးရမည်ဟု ကျွန်တော်ယုံကြည်ပါသည်။

ထိုယုံကြည်ချက်သည် ဖြစ်နိုင်မဖြစ်နိုင်ကို ဆက်လက်ဖော်ပြသွားမည့်အကြောင်းအချက်များက ရှင်းလင်းပေးပါလိမ့်မည်။ ဆက်လက်ဖတ်ရှုပေးပါရန် မေတ္တာရပ်ခံပါသည်။

## ၂။ ဆင်းရဲခြင်းသံသရာ

ပုံ (၁)



ပုံ (၁) ကိုကြည့်ပါ။

ဆင်းရဲခြင်းသံသရာ၏ ပုံစံကို တွေ့ရပါမည်။ မိသားစုအတွင်းတွင် ဝင်ငွေနည်းပါက ကုန်ကျစရိတ်မကာမိနိုင်ပါ ငွေလည်းမစုနိုင်တော့ပါ။ ထိုအခါ စီးပွားလုပ်ရန် အရင်းနည်းပါလိမ့်မည်။ အကြွေးယူကောင်းယူရပါလိမ့်မည်။ ထို့ကြောင့် အမြတ်နည်းပါမည်။ အမြတ်နည်းခြင်းကြောင့် ဝင်ငွေနည်းပါမည်။ ဝင်ငွေနည်းခြင်းကြောင့် ကုန်ကျစရိတ်မကာမိပါ။ ဤဖြစ်စဉ်ကြောင့် ဆင်းရဲခြင်းမှ ထွက်နိုင်ဖို့ရာ မလွယ်လှပါ။ မပြီးရင်း မွဲဖို့သာရှိပါတော့သည်။

ပုံ (၂)



ပုံ (၂) ကို ကြည့်ပါ။

ဝန်ပိ၍လနေသောသူကို မြင်ရပါမည်။ ပိနေသောဝန်မှာ သူ့အတွက် လေးလှပါသည်။ နလံမထူနိုင်ပါ။ ပိနေသောဝန်မှာ တခုတည်းမဟုတ်။ အမျိုးမျိုးဖြစ်ပါသည်။ နေစရိတ်၊ စားစရိတ်၊ ဆေးဖိုး၊ သွားလာစရိတ်၊ လှူတန်းစရိတ်၊ ကျောင်းစရိတ်၊ အခွန်အခ၊ လူမှုရေး စသည်စသည် များစွာ သောဝန်တို့ ကျွန်တော်တို့ကို ဖိထားပါသည်။

## ပုံ (၃)

ဆင်းရဲမှုတောင်ချောက်



ပုံ (၃) ကို ကြည့်ပါ။

ထောင်ခြောက်ထဲမှ သူဆင်းရဲကို မြင်ရပါမည်။ သူမည်မျှပင် ကြိုးစားစေကာမူ သူနှင့်တစ်ပါတည်းတွယ်ကပ်နေသော ဝန်ထုပ်များကြောင့် ချောက်ကမ်းပါးအထက်သို့ ရောက်ရန်ခဲယဉ်းလှပါသည်။ အရင်းမရှိ၊ စာမတတ်၊ နည်းပညာမသိ၊ ငွေမစု၊ အကြွေးထူ၊ ကလေးများ၊ မကျန်းမာ၊ မီးလောင်ခံရ၊ မုန်တိုင်းဒဏ်ခံရ၊ စောင့်ရှောက်မည့် ပတ်ဝန်းကျင်မရှိ စသည်စသည် အကြောင်းများက သူ့ကို နလံမထူအောင်ဆွဲထားကြပါသည်။

မည်သို့လုပ်ရပါမည်နည်း။

နည်းမရတော့ပြီလား။

လက်မြှောက်ရမှာလား။

၃။ ဆင်းရဲခြင်းမှ လွတ်မြောက်ရာ

မြတ်စွာဘုရားဟောတော်မူသော သစ္စာလေးပါးသည် ဘဝသံသရာမှ ထွက်ရာလမ်းကို သိရှိနားလည်စေသည်ဟု ကျွန်တော်တို့သင်ယူရပါသည်။ ယခုဘဝ ဆင်းရဲခြင်းမှ လွတ်ရာလမ်းလည်း ဖြစ်ပါသည်ဟု ဆိုလျှင်လည်းမမှားပါ။ သစ္စာလေးပါးကို ရတ်ကြည့်ပါ။

| | | |
|---|---|---|
| ဒုက္ခသစ္စာ | ဆင်းရဲခြင်း | အကျိုး |
| သမုဒယသစ္စာ | ဆင်းရဲခြင်းအကြောင်းရင်း | အကြောင်း |
| နိရောဓသစ္စာ | လွတ်မြောက်ခြင်း | အကျိုး |
| မဂ္ဂသစ္စာ | လွတ်မြောက်စေသည့်အကြောင်းရင်း | အကြောင်း |

ဆင်းရဲခြင်းရဖို့ရန်၊ ဆင်းရဲခြင်းမှလွတ်မြောက်ဖို့ရန် အကြောင်းရင်းများ ရှိကြပါသည်။ ကောင်းသောအကြောင်းရင်းသည် ကောင်းသောအကျိုးရင်းကို ပေးပါမည်။ မကောင်းသောအကြောင်းရင်းသည် မကောင်းသောအကျိုးကို ပေးပါသည်။

လောဘ၊ ဒေါသ၊ မောဟ၊ တဏှာ၊ မာန၊ ဒိဋ္ဌိတရားများသည် ဒုက္ခဖြစ်စေသော အကြောင်းများ ဖြစ်ကြပါသည်။ ဤအကြောင်းများ၏ ဆွဲဆောင်ရာပါသောအခါ ကျွန်တော်တို့ ဒုက္ခတွေ့ကြရပါသည်။

သီလ၊ သမာဓိ၊ ပညာ တရားများသည် ဒုက္ခမှ လွတ်စေသော အကြောင်းများဖြစ်ကြပါသည်။

| သီလသိက္ခာ (၃)ပါး | | သမာဓိသိက္ခာ (၃)ပါး | | ပညာသိက္ခာ (၂)ပါး | |
|---|---|---|---|---|---|
| ကောင်းစွာပြော | သမ္မာဝါစာ | ကောင်းစွာအားထုတ် | သမ္မာဝါယမ | ကောင်းစွာသိမြင် | သမ္မာဒိဋ္ဌိ |
| ကောင်းစွာပြုမူ | သမ္မာကမ္မန္တ | ကောင်းစွာသတိကပ် | သမ္မာသတိ | ကောင်းစွာကြံစည်တွေးခေါ် | သမ္မာသင်္ကပ္ပ |
| ကောင်းစွာအသက်မွေး | သမ္မာအာဇီဝ | ကောင်းစွာတည်ငြိမ်ရင့်ကျက် | သမ္မာသမာဓိ | | |

သီလ၊ သမာဓိပညာတရားများကို ကောင်းစွာပွားများအားထုတ်သူသည် ဆင်းရဲခြင်းလွတ်ရာကို ရောက်မည်ဖြစ်ပါသည်။

အကြောင်းကောင်းလျှင်အကျိုးကောင်းပါမည်။ အကြောင်းမကောင်းလျှင်အကျိုးမကောင်းပါ။

| | |
|---|---|
| အရင်းနည်းသောသူအဖြစ်မှ | အရင်းများသူဖြစ်အောင် |
| ဝင်ငွေနည်းသောသူအဖြစ်မှ | ဝင်ငွေများသူဖြစ်အောင် |
| ငွေမစုနိုင်သူဘဝမှ | ငွေစုနိုင်သူဖြစ်အောင် |
| အကြွေးထူသူဘဝမှ | အကြွေးကင်းသူဖြစ်အောင် |
| စာမတတ်သူဘဝမှ | စာတတ်သူဖြစ်အောင် |
| နည်းမသိသူအဖြစ်မှ | နည်းသိသောသူဖြစ်အောင် |
| မကျန်းမာသူအဖြစ်မှ | ကျန်းမာသူဖြစ်အောင် |


ကျွန်တော်တို့အားထုတ်ဖို့လိုပါသည်။ ထိုသို့အားထုတ်ခြင်းသည် အကြောင်းကောင်းအောင် အားထုတ်ခြင်း ဖြစ်ပါသည်။ အကြောင်းကောင်းလျှင် အကျိုးကောင်းက ကျွန်တော်တို့ထံရောက်လာ နိုင်ပါသည်။

၄။ အသက်မွေးဝမ်းကျောင်းဆိုတာဘာပါလဲ

အသက်မွေးဝမ်းကျောင်းဆိုသည်မှာ စားဝတ်နေရေးအတွက် ဝင်ငွေရရန်လုပ်သော လုပ်ငန်း တစ်ခုဟုဆိုရမည် ဖြစ်ပါသည်။ ရေရှည်တည်တံ့သော အသက်မွေးဝမ်းကျောင်းဟုဆိုလျှင်မူ ထိုမျှ မကတော့ပါ။

*မိသားစုအတွက် ဖူလုံသောစားနပ်ရိက္ခာရှိနေပြီး သင့်တော်လုံလောက်သော နေရေးအဆင့် အတန်းနှင့် ပြည့်စုံသည့်အပြင် ကလေးများ၏ အနာဂတ်ဘဝအတွက်ပါ စိတ်ချရသော၊ မမျှော်လင့် ဘဲ ကျလာမည့်ဘေးရန်ကိုခံနိုင်သော အခြေခံကောင်းများရှိသည့် အသက်မွေးဝမ်းကြောင်းမှု ဘဝအခြေအနေ* ဟု ဆိုရပါမည်။

လုံလောက်သောအသက်မွေးမှု အခြေအနေရဖို့ရန်မှာ အကြောင်းရင်းများစွာ ဆက်စပ် ပတ်သက်နေပါသည်။




ရုပ်ပိုင်းဆိုင်ရာဆိုသည်မှာ မိမိပိုင်ဆိုင်သော ကုန်ထုတ်အရင်းအနှီး လယ်ယာ၊ လှေ၊ ပိုက်၊ စက်ကိရိယာ၊ ကျွဲ၊ နွားစသည်တို့ဖြစ်ပါသည်။

ငွေကြေးဆိုသည်မှာ လုပ်ငန်းတွင်၊ အသုံးပြုရန်လိုအပ်သည့် ကုန်ထုတ်အရင်းအနှီးဖြစ်ပါသည်။ လူအင်အား၊ လူ့စွမ်းအားဆိုသည်မှာ မိသားစုအတွင်းရှိအလုပ်လုပ်နိုင်သောလူအရေအတွက်၊ မိသားစုဝင်များက နားလည်တတ်မြောက်ထားသည့်နည်းပညာ ကျွမ်းကျင်မှုဖြစ်ပါသည်။


သဘာဝပတ်ဝန်းကျင်ဆိုသည်မှာ မိမိ၏လုပ်ငန်းနှင့်ဆက်စပ်နေသည့် သဘာဝအရင်း အမြစ်ဖြစ်ပါသည်။ လယ်သမားအတွက် သင့်တော်သည့် မြေရေ၊ ငါးဖမ်းသူအတွက် ငါးဖမ်းနိုင်မှုအခွင့်အလမ်းသဘာဝလေဒဏ်၊ ရေကြီးမှုဒဏ်၊ ခံရနိုင်သည့်အခြေအနေ စသည်. . . တို့ဖြစ်ပါသည်။

လူမှုပတ်ဝန်းကျငဆိုသည်မှာ တဦးကိုတစ်ဦး အမှီသဟဲပြုသော၊ တစ်ဦးနှင့်တစ်ဦးအထောက်အကူပြုနေသော အကျိုးပြုသော ပတ်ဝန်းကျင်ကောင်းဖြစ်ပါသည်။

ထိုအကြောင်း (၅)ရပ်တို့ ဟန်ချက်ညီညီကောင်းကောင်းမွန်မွန် ဖြစ်နေပါမှသာ ကျွနတော်တို့ဘဝလုံခြုံစိတ်ချရပါမည်။

ကျွန်တော်တို့ဝင်ငွေနည်းသူများမှာ ထိုအကြောင်း (၅)ရပ်၊ သို့မဟုတ် အရင်းအနှီး (၅)ခုအားလုံးဖြစ်စေ၊ အတော်များများဖြစ်စေ မပြည့်စုံသူသာများပါသည်။ ထို့ကြောင့်ပင်ဝင်ငွေနည်းသူများဖြစ်နေကြရပါသည်။

ထိုမျှမကသေးပါ။




ယိုင်နဲ့နဲ့ဖြစ်သောထို အရင်းအနှီး (၅)ခုကို မီးဘေး၊ လေဘေး၊ ရောဂါဘေးဖြစ်စေ၊ နိုင်ငံတော်စီးပွားရေးမူဝါဒ ဥပဒေကြောင့်ဖြစ်စေ ပို၍ယိုင်နဲ့အောင် ခက်ခဲအောင် တွန်းပို့တတ်ပါသည်။

ကျွန်တော်တို့သာ ကြိုတင်ပြင်ဆင်မထားလျှင်၊ သတိမမူလျှင် ဘုန်းကနဲ၊ လဲကျမည့်အခြေအနေသို့ ခဏချင်းရောက်ကြပါလိမ့်မည်။

မည်သို့ ကြိုတင်ကာကွယ်သင့်ပါသလဲ။

၁။ မိမိပိုင်ပစ္စည်းများ အလွယ်တကူမဆုံးရှုံးအောင် ကြိုတင်စီမံရမည်။

၂။ ရုတ်တရက်ဆုံးရှုံးပါက အကာအကွယ်ရအောင် အရံအတားတစ်ခုခုပြုရပါမည် အသက်အာမခံ၊ မီးအာမခံ၊ သဘာဝဘေးအာမခံ စသည်ထားခြင်း၊ ငွေစုခြင်း၊ သိုလှောင်ရုံကောင်းကောင်းထားခြင်း)

၃။ ကုန်ထုတ်တိုးအောင် လုပ်ရပါမည်။

၄။ ဝင်ငွေတိုးအောင် လုပ်ရပါမည်။

၅။ နိုင်ငံတော်မူဝါဒကြောင့် မိမိ၏ အသက်မွေးမှု မထိခိုက်အောင် တတ်နိုင်သမျှ စည်းရုံးဆွေးနွေးကြိုးစားရပါမည်။


ရုတ်တရက်ကြည့်လျှင် မဖြစ်နိုင်သောအရာများဟု ယူဆစရာရှိပါသည်။ အချို့မှာ တဦးချင်းလုပ်၍ရပါသည်။ အချို့မှာစုပေါင်း၍ လုပ်ရပါမည်။ လူမှုပတ်ဝန်းကျင်ကောင်းတစ်ခုဖန်တီး၍ အထက်ပါ အခက်အခဲကို ပူးပေါင်းဖြေရှင်းလျှင် ပြေလည်နိုင်ပါသည်။ မိသားစုများအတူ ပူးတွဲဆောင်ရွက်ခြင်း ၊ ဈေးကွက် ပျိုးထောင်ခြင်းတို့ကြောင့် မိသားစုဘဝပတ်ဝန်းကျင် တောင့်တင်းခိုင်မာစေခြင်းတို့ ဖြစ်လာနိုင်စရာ၊ အကြောင်းများ ရှိပါသည်။

မည်သို့သောအကြောင်းများ ဖြစ်သနည်း။

## ၅။ စီမံကိန်းသံသရာ

ကျွန်တော်တို့ လုပ်ဆောင်စရာတစ်ခုရှိလျှင် အနည်းဆုံးအစီအစဉ်တစ်ခုတော့ ဆွဲကြရမြဲဖြစ်ပါသည်။ ထိုအစီအစဉ်သည် ကျွန်တော်တို့လုပ်ဆောင်မည့်လုပ်ငန်း၏ လုပ်ငန်းလမ်းညွှန်ဖြစ်ပါသည်။ ထိုလုပ်ငန်းလမ်းညွှန်မကောင်းလျှင် ကျွန်တော်တို့အစီအစဉ်မအောင်မြင်နိုင်ပါ။ သို့မဟုတ် အထစ်အငေါ့ဖြစ်စေပါမည်။

စီမံကိန်းအစီအစဉ်ရေးဆွဲဆောင်ရွက်ရာတွင် တစ်ဆင့်ပြီးတစ်ဆင့် လုပ်ကိုင်ကြရပါသည်။ တစ်ဆင့်တစ်ဆင့်ကို အသေအချာစဉ်းစားလုပ်ကိုင်ရပါသည်။ သို့မှသာ စီမံကိန်းအောင်မြင်ပါမည်။





➢ပြဿနာရှာ၊ လိုအပ်ချက်ရှာ ။ ကိုယ်ဘာဖြစ်ချင်သလဲ ၊ ဘာလိုသလဲ ၊ ကိုယ့်ဟာကိုယ် သိရပါမည်။ စိုက်ပျိုးချင်သလား၊ ဈေးရောင်းချင်သလား၊ ပို့ဆောင်ရေးလုပ်ချင်သလား၊ အကြွေးကင်းချင်တာလား၊ အိမ်အသစ်ဝယ်ချင်သလား၊ နိုင်ငံခြားမှာ အလုပ်လုပ် ချင်တာလား များစွာသောအကြောင်းတွေရှိပါလိမ့်မည်။

➢အစီအစဉ်ဆွဲ ။ ထိုအကြောင်းများ များစွာထဲမှ အဖြစ်နိုင်ဆုံး၊ အနီးစပ်ဆုံး၊ အရေးကြီးဆုံး၊ တစ်ခုကို ဆွဲထုတ်ရပါလိမ့်မည်။ ထိုတစ်ခုတည်းကိုပင် အကောင်အထည် ဖော်ရန် အစီအစဉ်ရေးဆွဲရပါမည်။ ယင်းမှာ စီမံကိန်းရေးဆွဲခြင်း ဖြစ်ပါသည်။

➢ဖြစ်နိုင်ခြေလေ့လာမှု ။ စီမံကိန်းဆွဲပြီးသည့်အခါ ဖြစ်နိုင်မဖြစ်နိုင် ကျိုးကြောင်းဆီ လျော်မှုရှိမရှိ၊ လက်တွေ့ကျမကျ စဉ်းစားရပါလိမ့်မည်။ မဖြစ်နိုင်သည်များကို ဖြစ်နိုင်သည် အထိ ကြိုးစားပြုပြင်အားထုတ်ရပါလိမ့်မည်။

- ငွေကြေးအရင်းအနှီးစုဆောင်း။ အထက်ပါအဆင့်များ၊ ကျော်ဖြတ်ပြီးသည့်အခါ၊ ငွေကြေး၊ ကုန်ကြမ်း၊ လူအင်အားစုဆောင်းသည့် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများကို အသေးစိတစဉ်းစားလုပ်ဆောင်ရပါသည်။ အရည်အသွေးကောင်း၊ စျေးနှုန်းချိုသာသည့် ပစ္စည်းရရန်၊ နည်းပညာကျွမ်းကျင်သူလုပ်သားရရန် စသည်ဖြင့် ကောင်းစွာပြင်ဆင်ရပါသည်။
- အကောင်အထည်ဖော် ။ အားလုံးအသင့်ဖြစ်သည့်အခါ ကြိုတင်စဉ်းစားထားသည့်အတိုင်း စနစ်တကျအကွက်ချလုပ်ဆောင်ရပါသည်။
- ပုံမှန်ကြီးကြပ်ပြုပြင် ။ မည်မျှပင်ကောင်းသည့် စီမံကိန်းကို ကြိုတင်ရေးဆွဲထားစေကာမူ၊ စင်းလုံးချောတော့ မဖြစ်နိုင်ပါ။ လိုအပ်ချက်များကို အချိန်မီ ပိုမိုကောင်းမွန်အောင်ပြုပြင်ပေးတန်လျှင် ပြုပြင်လုပ်ဆောင်ရပါသည်။
- သုံးသပ်အကဲဖြတ် ။ သီးနှံတစ်ရာသီ၊ ကုန်ထုတ်လုပ်မှုဖြစ်စဉ်တစ်ကြိမ်ပြည့်သွားသည့်အခါ မူလခန့်မှန်းသည့် ထွက်ကုန်ပမာဏ၊ ရမရ၊ မူလမျှော်မှန်းသည့်ဝင်ငွေရမရပြန်လည်သုံးသပ်ရပါသည်။ အပြည့်အဝ အောင်မြင်သည်လည်းရှိပါမည်။ အချို့တစဝက်သာ အောင်မြင်သည်လည်းရှိပါမည်။ ထိုအခါ လုပ်ငန်းစဉ်တစ်ခုလုံးကိုပြန်လည်သုံးသပ်ကာ အားနည်းချက်များကို အားကောင်းအောင်၊ အားကောင်းသည်များကိုပိုကောင်းအောင် စဉ်းစားအသိအမှတ်ပြုထားရပါသည်။
- ပြဿနာရှာ ၊ လိုအပ်ချက်ရှာ ။ သုံးသပ်အကဲဖြတ်သည့်အခါ သုံးသပ်ချက်အရ တွေ့မြင်ရသည့် လိုအပ်ချက်များပြဿနာများကို စီမံကိန်းအသစ်ရေးဆွဲပြီးဆောင်ရွက်ရပါမည်။ သို့မဟုတ် ဤစီမံကိန်းကောင်းစွာ ပြီးမြောက်သွားသဖြင့် ဒုတိယဦးစားပေး လိုအပ်ချက်အတွက် စီမံကိန်းအသစ်ရေးဆွဲရန် ပြင်ဆင်ရပါသည်။

ဤသို့ စဉ်ဆက်မပြတ်လည်ပတ်လုပ်ကိုင်နေသောဖြစ်စဉ်ကြောင့် စီမံကိန်း သံသရာဟုဆိုပါသည်။ စီမံကိန်းသံသရာ၏ ဖြစ်စဉ်တလျောက်အားကောင်းအောင် လုပ်ဆောင်နိုင်လျှင်ကျွန်တော်တို့မျှော်မှန်းသော ရေရှည်တည်တံ့သည့် အသက်မွေးဝမ်းကျောင်းဘဝသို့ ရောက်ရမည်သာဖြစ်ပါသည်။ စီမံကိန် းသံသရာ၏ အဆင့်တိုင် းတွင် မိသာ းစုကိစ္စဆိုလျှင် မိသာ းစုဝင်အာ းလုံ း၊ ကျေ းရွာကိစ္စဆိုလျှင် ကျေ းရွာသာ းအာ းလုံ း ပါဝင်ဆွေ းနွေ းတိုင်ပင် ဆောင်ရွက်ရပါမည်။




အထက်ပါ စီမံကိန်း၏ ဇယိုချက်သည် မိမိ၏ မိသားစုဖြစ်ချင်ဖြစ်ပါမည်။ သို့မဟုတ်မိမိတို့ ကျေးရွာစုပေါင်းအဖွဲ့ဖြစ်ပါမည်။ ဇယိုချက်ရှိ ပါဝင်သူအားလုံးက ဖြစ်စဉ်အဆင့်တိုင်းကို ပါဝင်ပူး ပေါင်းတိုင်ပင်လုပ်ဆောင်မှသာ လုပ်ငန်းအောင်မြင်ပါမည်။ အဆင့်တိုင်းတွင် အားလုံးတာဝန်ခွဲဝေ ယူဖို့လိုပါသည်။

၆။ ဘာကြောင့်အသေးစား ငွေကြေးဝန်ဆောင်မှု

အထက်တွင် ပြောဆိုခဲ့သော အရင်းအနှီးကြီး (၅)ခုအနက်ငွေကြေးအရင်းအနှီးသည် ကျွန်တော်တို့အတွက်အခက်ဆုံးဟု ဆိုရပါမည်။ ကျွန်တော်တို့သည် ကျေးလက်တွင် နေထိုင်သူများ ဖြစ်ပါသည်။ ကျွန်တော်တို့ အနီးတွင်အရင်းအနှီးထုတ်ပေးမည့် ဘဏ်မရှိပါ။ ရှိလျှင်လည်း ကျွန်တော်တို့ပိုင်ပစ္စည်းများကို အပေါင်ပစ္စည်းအဖြစ် လက်ခံရန်ဘဏ်က စိတ်မဝင်စားနိုင်ပါ။ ထိုအခါ ကျွန်တော်တို့ပြင်ပငွေချေးသူကို အားကိုးရပါတော့သည်။ ပြင်ပငွေချေးသူက အတိုးနှုန်းကြီးကြီးဖြင့် ချေးသည်။ လိုအပ်သလောက် ငွေများများကိုလည်း မပေး၊ ကျွန်တော်တို့မျက်နှာငယ်ရပါသည်။ ရာသီဥတုမကောင်းသဖြင့် ကြွေးမဆပ်နိုင်သောအခါ ရှိရင်းစွဲပစ္စည်းများပင် ငွေချေးသူထံအပ်လိုက်ရ သည်များ ရှိခဲ့ဖူးပါသည်။

ကျွန်တော်တို့ အတိုးသက်သာသော၊ စိတ်ချရသော ငွေကြေးဝန်ဆောင်မှုတစ်ခု၊ ငွေချေး အစီအစဉ်တစ်ခုတွင် ပါဝင်ခွင့်ရလျှင် ထိုအခက်အခဲများ ပြေလည်စရာရှိပါသည်။

အသေးစားငွေကြေးဝန်ဆောင်မှုဆိုသည်မှာ ငွေစုခြင်း၊ ငွေချေးခြင်းအလုပ်နှစ်ခုတပြိုင်တည်း လုပ်ပေးသော စနစ်တခုဖြစ်ပါသည်။ အသေးစားငွေကြေးဝန်ဆောင်မှု၏တခုတည်းသော ပန်းတိုင်မှာ အစဉ်ငွေချေးနေရသူဘဝမှ လွတ်မြောက်ရေးဖြစ်ပါသည်။

ဝင်ငွေနည် းပါ းသူ အရင် းအနှီ းနည် းပါ းသူမှာ အရင် းအနှီ းမပြည့်မီသေ းသောကာလတွင် ငွေချေ းယူရပါမည်။ ချေ းယူငွေကို အသုံ းပြု ရင် းနှီ းရာမှရငွေကို လုပ်ငန် းသုံ း မိသာ းစုသ းသာမက စုဆောင် းရန်အတွက်ပါ အသုံ းပြုရပါမည်။ သို့မှသာ ငွေကို ချေးယူသူဘဝမှ လွတ်မြောက်ပါမည်။ စည်းကမ်းရှိသူ၊ ကြိုးစားစုဆောင်းသူမှာ နှစ်အနည်းငယ်အတွင်းတွင် ကြွေးကင်းသူ၊ ကိုယ်ပိုင်ငွေဖြင့်လုပ်ငန်းလုပ်နိုင်သူ၊ လုပ်ငန်းချဲ့ထွင်နိုင်သူ ဖြစ်လာပါသည်။ စည်းကမ်းမရှိသူမှာ ငွေကြေးမစုဆောင်းနိုင်၊ လုပ်ငန်းမချဲ့နိုင်သဖြင့် ဆင်းရဲတွင်းထဲမှ ထွက်နိုင်မည်မဟုတ်ပါ။

ကြွေးကင်းသူသည် အတိတ်ကံမကောင်းသော်လည်း၊ ကံ၊ ဉာဏ်၊ ဝီရိယ၊ အစွမ်းကြောင့်၊ ပစ္စုပ္ပန်ကံကို ကောင်းစေသူ ဖြစ်ပါသည်။ အနာဂါတ်ကံလည်း ကောင်းမည်မှာ မလွဲပါ။

ကြွေးမကင်းသူသည် အတိတ်ကံမကောင်းသည်သာမက ပစ္စုပ္ပန်ကံလည်းကောင်းအောင်မလုပ်သဖြင့် အနာဂတ်မကောင်းကံကို စုဆောင်းထားရှိသူ ဖြစ်သွားပါသည်။

ကောင်းသောအကြောင်းကံသည် ကောင်းသောအကျိုးကို ဖြစ်စေသည်။ မကောင်းသောအကြောင်းခံသည် မကောင်းသောအကျိုးကို ဖြစ်စေသည်ဟု အစဉ်သတိရနေဖို့ ဖြစ်ပါသည်။

## ၇။ ရေရှည်တည်တစေမည့်ငွေစုငွေချေးနည်းလမ်း

ဤစာစောင် အခန်း (၂)တွင် ဖော်ပြထားသည့်ဆင်းရဲခြင်းသံသရာကို ကြည့်လျှင်ငွေစုနိုင်ရန် ခက်သော အကြောင်းများစွာ အသုံးစရိတ်များစွာက ကျွန်တော်တို့ဘဝကို ဖိစီးနေပါသည်။ စုချင်ပါလျှက် စုရခက်ဟု ပြောရမလိုဖြစ်နေပါသည်။ သာမန်အားဖြင့်ကြည့်လျှင် ငွေမစုမိသူမှာပင် အားနည်းချက်မရှိသလို ယူဆမိပါသည်။ အေးလေ ခေတ်ကြီးကိုက မကောင်းတာ၊ ငွေရှာဖို့ခက်တာ၊ ဆင်းရဲတာ မဆန်းပါဘူးဟု တွေးရမလိုပင်ဖြစ်သွားပါသည်။

သို့သော်ဤခေတ်ကြီးထဲမှာပင် စုဆောင်းရင်းကြီးစားရင်း ကြီးပွားသွားသူတွေ ကျွန်တော်တို့ အနီးမှာရှိနေပါသည်။ လက်ချိုး၍ရေတွက်နိုင်အောင်နည်းကောင်းနည်းနိုင်ပါသည်။ သို့သော်ထိုသူများလည်း အမှန်ပင်ရှိပါသည်။

<u>ယခုကျွန်တော်တို့ငွေစုဆောင်းပုံ</u>

ရငွေ - သုံးငွေ = စုငွေ

ပုံမှန်အားဖြင့် ဝင်ငွေရသည့်အခါ သုံးစရာများကို အားရပါးရသုံးကြပါသည်။ ပိုလျှင်စုမည်ဟု အားခဲထားပါသည်။ သို့သော် လိုအပ်ချက်ကကြီးသဖြင့် စုသည့်အဖြစ်သို့ မရောက်တော့ပါ။

ကောင်းမွန်သောငွေစုဆောင်းမှု

ရငွေ - စုငွေ = သုံးငွေ

မစုဆောင်းဖြစ်သော အကြောင်းကို ချေဖျက်ရန် ဝင်ငွေရရချင်း စုဆောင်းငွေ ဖယ်ထားသည့် အလုပ်ကိုလုပ်ရပါမည်။ ဖယ်ပြီးမှ ကျန်ငွေကို သင့်တော်ရာခွဲဝေသုံးလျှင် စုဆောင်းမိလာပါမည်။ ဤနေရာတွင် ပြောတာတော့လွယ်တာပေါ့။ သုံးစရာတွေကမှ မလောက်တာ ဘယ်လိုလုပ်ဖယ်မလဲ၊ ဖယ်လိုက်လို့မလောက်တဲ့ငွေအတွက် ဘယ်ကရမလဲ၊ နဂိုကမှ အကြွေးထူနေတဲ့ဟာ အတင်းစုခိုင်းနေပြန်ပြီဟု တွေးမိကောင်းတွေးမိကြမည် ဖြစ်ပါသည်။

လေ့ကျင့်ခန်းလေးတစ်ခုလုပ်ကြည့်ခြင်းဖြင့် ထိုအတွေးကို ချေဖျက်ပေးချင်ပါသည်။ မိသားစုတစ်စုတွင် အဖေရယ်၊ အမေရယ်၊ သားရယ်၊ သမီးရယ် လေးဦးရှိသည်ဟု ဆိုပါစို့။

တစ်လအတွင်း အဖေ၏အသုံးစာရင်းများကို ချရေးပါ။

ပစ္စည်းအမည် = ကုန်ကျငွေ ရေးပါ။

အမေ၊ သား သမီး တ့ကိုလည်း တစ်ဦးစီရေးကြည့်ကြပါစေ။ ရေးပြီးလျှင် အားလုံး၏ ကုန်ကျငွေကို ပေါင်းကြည့်ပါ။ တစ်မိသားစုလုံး၏ ကုန်ကျငွေကို ထပ်ပေါင်းပါ လစဉ်ဝင်ငွေအမျိုးမျိုးကိုလည်း ပေါင်းကြည့်ပါ။

စုစုပေါင်း ဝင်ငွေနှင့် စုစုပေါင်းကုန်ကျငွေသည် ညီကောင်းညီနေပါမည်။ ကုန်ကျငွေ ပိုကောင်းပိုပါမည်။ ကုန်ကျငွေပိုလျှင် ကြွေးတင်ပြီဟုသာ ယူဆရပါတော့မည်။ တစ်ဦးစီ၏ စာရင်းများကို ပြန်ဖတ်ကြည့်ပါ မသုံးမဖြစ်သုံးရမည့်စရိတ် မသုံးသော်လည်းရနိုင်သည့်စရိတ် နှစ်မျိုးခွဲထုတ်ပါ။ မသုံးမဖြစ်သုံးရမည့်စရိတ်များတွင် စားစရိတ်၊ ကျောင်းစရိတ်၊ အိမ်လခ၊ ရေဖိုး၊ မီးဖိုး၊ ဆေးကုစရိတ်စသည်တို့ပါပါမည်။

မသုံးသော်လည်းရနိုင်သော စရိတ်များတွင် ဆေးလိပ်ဖိုး၊ ကွမ်းဖိုး၊ ရုပ်ရှင်ကြည့်စရိတ်၊ နှစ်လုံးထီ၊ သုံးလုံးထီစရိတ်၊ ဝတ္ထုစာအုပ်ငှားခ၊ အရက်ဖိုးစသည်တို့ပါနိုင်ပါသည်။

မသုံးသော်လည်း ရနိုင်သောစရိတ်များကိုချည်း ရွေးထုတ်ပါ ပေါင်းကြည့်ပါ။ ထိုစရိတ်ကို စုငွေအဖြစ်ဖယ်နိုင်လျှင် စုဆောင်းမိနိုင်စရာ အကြောင်းရှိလာပါမည်။

အစတွင် ခက်ပါလိမ့်မည်။ ဆင်းရဲတွင်းကထွက်ချင်တာက အမိကလား၊ လုပ်ချင်တာလုပ်ဖို့ အမိကလား၊ ဒီအရက်လေး၊ ဆေးလိပ်လေး၊ ဝတ္ထုစာအုပ်ငှားခလေး၊ နှုတ်ခမ်းနီဖိုးလေးတော့ မလျှော့နိုင်ဘူး။ မချမ်းသာချင်လဲ နေပေလေ့စေဟု ဆုံးဖြတ်မည်လား ရပါသည်။

ကိုယ်စိုက်သောအပင်က အသီးကို ကိုယ်စားရပါလိမ်မည်။ မစုဆောင်းသောအဖြစ်သည် အကြွေးကင်းသူအဖြစ်မရောက်အောင် မိမိကိုယ်တိုင်ဆောင်ရွက်ခြင်းဖြစ်ပါသည်။

အစွန်းမရောက်သောနည်းလမ်းများလည်းရှိပါသေးသည်။ နေ့စဉ်အရက်တစ်ခွက်သောက်ရာမှ တပါတ်တစ်ခွက်သောက်နိုင်လာလျှင် တစ်နေ့ဆေးလိပ် (၁၀)လိပ်သောက်ရာမှ (၃)ရက်တစ်လိပ် သောက်မည်ဆိုလျှင် များစွာစုမိလာစရာ အကြောင်းရှိပါသည်။ ကိုယ့်မှာ ငွေပိုငွေ လျှံရှအောင်အရင် လုပ်ပြီး ငွေပိုငွေလျှံရှိသောအခါ အရင်က မလုပ်ခဲ့ရသော၊ ချုပ်တည်းခဲ့ရသော ကိစ္စများကို စည်းကမ်းရှိရှိ ပြန်သုံးနိုင်ပါသည်။

ဤသို့ဆိုလျှင် ငွေစုခြင်း၏ အကျိုးနှင့် မည်သူမဆို ငွေစုနိုင်သည်ဆိုခြင်းကို သဘောတူနိုင် လာမည်ဟု ယူဆပါသည်။

ငွေချေးခြင်း၊ ငွေစုခြင်းပူးတွဲလုပ်ဆောင်ခြင်းကို အသေးစားငွေကြေးဝန်ဆောင်မှုဟုခေါ်ပါသည်။ အသေးစားငွေကြေးဝန်ဆောင်မှုကို အကြမ်းအားဖြင့် နှစ်မျိုးခွဲခြားနိုင်ပါသည်။ တစ်မျိုးမှာ အဖွဲ့အစည်းအခြေပြုချေးငွေစနစ်ဖြစ်ပြီး၊ အခြားတစ်မျိုးမှာ ပြည်သူလူထု အခြေပြုချေးငွေစနစ် ဖြစ်ပါသည်။ အဖွဲ့အစည်းအခြေပြုစံနစ်မျိုးမှာ ချေးငွေရယူသူသည် ငွေမှန်မှန်စုဆောင်းခြင်းနှင့် မှန်မှန်ပေးဆပ်ခြင်းအတွက်တာဝန်ရှိပါသည်။ ချေးငွေစနစ် အခွင့်အရေးကို သးစွဲသူဖြစ်ပါသည်။ ချေးငွေစနစ်၏ပိုင်ရှင်မဟုတ်ပါ။ ပြည်သူလူထုအခြေပြုချေးငွေစနစ်မှာ - ချေးငွေရယူသူသည် ရယူရုံ စုဆောင်းရုံမျှသာမက၊ ချေးငွေ၊ စနစ်ရေရှည်တည်တံ့အောင် ပါဝင်လုပ်ဆောင်ပေးရပါသည်။ တနည်းအားဖြင့်ဆိုလျှင် ချေးငွေစနစ်၏ ပိုင်ရှင်ဖြစ်ပါသည်။ အဖွဲ့အစည်းဦးဆောင်အခြေပြုစနစ်၏ အားသာချက်မှာ ခိုင်မာသောငွေပင် ငွေရင်းရှိခြင်း၊ ကျွမ်းကျင်ဝန်ထမ်းရှိခြင်း၊ စဉ်ဆက်မပြတ် စောင့်ကြည့်ကြီးကြပ်မှုရှိခြင်းတို့ကြောင့် ရေရှည်တည်မြဲရန် အကြောင်းရှိပါသည်။ ချေးငွေတစ်ကြိမ် ပြည့်လျှင် နောက်တစ်ကြိမ်ထပ်ချေးဖို့ ရံပုံငွေအသင့်ရှိနေပါသည်။ ပြည်သူလူထုအခြေပြုစနစ်၏ အားသာချက်မှာ ချေးငွေစနစ်ရံပုံငွေကို ကျေးရွာအဖွဲ့ကသာ ပိုင်ဆိုင်ပါသည်။ အကျိုးအမြတ်များကို ကျေးရွာသားများကသာ ပိုင်ဆိုင်ပါသည်။ ဤအကျိုးအမြတ်ဖြင့် ကျေးရွာအတွက်လိုအပ်ချက်ကို အများသဘောတူညီမှုဖြင့် လွတ်လပ်စွာ ဆောင်ရွက်နိုင်ပါသည်။

အဖွဲ့အစည်း အခြေပြုစနစ်တွင်ကျေးရွာသားများသည် အစီအစဉ်ဆွဲခြင်း၊ ဆုံးဖြတ်ချက်ချခြင်း၊ ပြဿနာဖြေရှင်းခြင်းတို့တွင် အနည်းငယမျှသာ ပါဝင်ရပါသည်။ ကျေးရွာလူထုအခြေပြုစနစ်တွင် အပြည့်အဝတာဝန်ယူရသဖြင့် အရည်အသွေးတက်လာပါမည်။ မိမိကိုယ်ကို မိမိပိုမိုယုံကြည်လာပါသည်။

ကျေးရွာအခြေပြုစနစ်သည် စည်းကမ်းဖောက်သူ၊ ကိုယ်ကျိုးသာကြည့်သူများ များများပါဝင်လာပါက ပျက်စီးလွယပါသည်။ အရင်းအနှီးများပျောက်ပျက်ကာ ကျေးရွာ၏ ညီညွတ်မှုကိုပင် ပျက်ပြားသွားစေပါသည်။

၈။ ကိုယ်တိုင်ပါဝင်သည့်လုပ်ငန်းစောင့်ကြည့်မှုစနစ်

အဆိုပါအားနည်းချက်များကို ချေဖျက်နိုင်ရန်ကိုယ်တိုင်ပါဝင်သည့်လုပ်ငန်းစောင့်ကြည့်မှုစနစ်ကို ထူထောင်ဖို့လိုပါသည်။ အခြေခံအားဖြင့် ပြောရလျှင်ချေးယူသူအားလုံးအတွက် လုံလောက်သောရံပုံငွေရှိမရှိ၊ ချေးငွေတောင်းခံသူသည် အဆိုပြုထားသောလုပ်ငန်းနှင့် သင့်လျော်ရုံတောင်းခံခြင်းမဟုတ်ပဲ ကျော်လွန်တောင်းခံခြင်းရှိမရှိ၊ ရယူသောချေးငွေကို လုပ်ငန်းတွင် သုံးမသုံး၊ မှန်မှန်ပေးဆပ်နိုင်ခြင်းရှိမရှိတို့ကို စစ်ရန်လိုပါသည်။ ထိုသို့စောင့်ကြည့်ကြီးကြပ်နေမှသာ ရေရှည်တည်တံ့သောချေးငွေစုငွေ ဝန်ဆောင်မှုလုပ်ငန်းဖြစ်စေပါမည်။

၉။ လွယ်ကူရှင်းလင်းသော အသေးစားငွေချေးမှုစနစ်ပုံစံ (ဖွဲ့စည်းပုံ)

- ငွေစုငွေချေးအဖွဲ့တစ်ဖွဲ့လျှင် လူ ၁၅ဦးမှ ၂၀ အထိသာ ပါဝင်သင့်သည်။
- ထိုအဖွဲ့ကိုပင် ၅ ဦးတစ်ဖွဲ့အဖွဲ့ငယ်များ ဖွဲ့စည်းခြင်းဖြင့်အနီးကပ် အပြန်အလှန်ထိန်းချုပ်နိုင်သည်။
- (၅) ဦး (၁) ဖွဲ့လျှင် အဖွဲ့ ခေါင်းဆောင် (၁) ဦး
- အသင်းခွဲ (၁)ခုတွင်
    - အဖွဲ့ခေါင်းဆောင် (၁)ဦး
    - အတွင်းရေးမှူး (၁)ဦး
    - စာရင်းကိုင် (၁)ဦး
- ဒို့ကျေးရွာအသင်းတွင်
    - အသင်းခွဲ (၁)ခုမှ (၃)ဦးစီဖြင့် (၉)ဦးပါဝင်သည်။
    - ထို (၉)ဦးအတွင်းမှ အသင်းဥက္ကဋ္ဌ

အတွင်းရေးမှူး

တွဲဘက်အတွင်းရေးမှူး

စာရင်းကိုင်

ငွေကိုင်

ဟုထားရှိနိုင်သည်။

ဒို့ကျေးရွာအသင်း အမှုဆောင်တာဝန်များ

| | | |
|---|---|---|
| ဥက္ကဋ္ဌ | - | အသင်းရံပုံငွေထိန်းသိမ်းရေး၊ စုဆောင်းငွေစနစ်၊ ချေးငွေစနစ် ကြီးကြပ်ရေး၊ အသင်း၏ ညီညွတ်မှုကို စောင့်ကြည့်ထိန်းသိမ်းရေး၊<br>ပြင်ပအဖွဲ့အစည်းများနှင့် ဆက်သွယ်ရေး၊ |
| အတွင်းရေးမှူး | - | အသင်း၏လုပ်ရှားမှုမှန်သမျှကို ဦးဆောင်စည်းရုံးရေးဥက္ကဋ္ဌနှင့် အမြဲတိုင် ပင်ညှိနှိုင်း၍ ဆောင်ရွက်ရေး စာရင်းဇယား စည်းဝေး မှတ်တမ်း၊ အသေး သုံးငွေကြေးများကို စနစ်ကျစွာ ထိန်းသိမ်းနိုင်ရန် ကူညီရေးပြင်ပအဖွဲ့ အစည်းများနှင့် ဆက်သွယ်ရေး |
| တွဲဘက်အတွင်းရေးမှူး | - | အတွင်းရေးမှူး၏ တာဝန်များကို ကူညီဆောင်ရွက်ရေး |
| | - | အစည်းအဝေးမှတ်တမ်းတင်သူအဖြစ်တာဝန်ယူရေး |
| စာရင်းကိုင် | - | အသင်း၏ စုငွေချေးငွေပြန်ဆပ်ငွေ မှတ်တမ်းများ စနစ်တကျထိန်း သိမ်းရေး |
| ငွေကိုင် | - | အသေးသုံးငွေများ၊ ပြန်ဆပ်ငွေများကို စနစ်တကျထိန်းသိမ်းရေး |

အဖွဲ့ဝင်ဖြစ်ခွင့်ရှိသူများ

- ကျေးရွာတွင် အတည်တကျနေထိုင်သူ ဖြစ်ရမည်။
- ကျေးရွာတွင် သန်းခေါင်စာရင်း (အိမ်ထောင်စုစာရင်း)မှတ်ပုံတင်ထားရှိသူဖြစ်ရမည်။
- အဖွဲ့၏ စည်းကမ်းများကို လိုက်နာနိုင်သူ ဖြစ်ရမည်။
- အဖွဲ့မှ တာဝန်ပေးအပ်ခံရလျှင် လုပ်ဆောင်နိုင်သူ ဖြစ်ရမည်။

- မိမိ၏ ပေါ့လျော့မှု၊ ပျက်ကွက်မှုကြောင့် စည်းကမ်းပိုင်းဆိုင်ရာ အရေးယူခံရလျှင် ကျေနပ်စွာခံယူနိုင်သူဖြစ်ရမည်။

(၅) ဦးအဖွဲ့ အဖွဲ့ဝင်များ

- အိမ်နီးနားချင်းဖြစ်ရမည်။
- တစ်ဦးနှင့် တစ်ဦးရင်းနှီးပြီး အပြန်အလှန်တာဝန်ယူနိုင်သူ ဖြစ်ရမည်။
- တစ်ဦးက တစ်ဦးကို အပြုသဘောဝေဖန်လျှင် ကျေနပ်စွာ ခံယူနိုင်သူဖြစ်ရမည်။
- အဖွဲ့စည်းကမ်းကို လိုက်နာရမည်။
- ချေးငွေစည်းကမ်း စုငွေစည်းကမ်းကို လိုက်နာနိုင်သူဖြစ်ရမည်။

(၂၀) ဦးအဖွဲ့ဝင်များ

- (၅) ဦးအဖွဲ့ (၁)ဖွဲ့စီ ဉက္ကဋ္ဌနှင အတွင်းရေးမှူးသည် (၂၀)ဦးအဖွဲ့၏ အဖွဲ့ဝင်များ ဖြစ်ကြသည်။
- (၂၀) ဦးအဖွဲ့ဝင်များထဲမှ အဖွဲ့ခေါင်းဆောင်ကို ပြန်လည်ရွေးချယ်ရမည်။

ဒ့ကျေးရွာ အဖွဲ့အမှုဆောင်များ

- (၂၀) ဦး အဖွဲ့၏ အဖွဲ့ခေါင်းဆောင်အတွင်းရေးမှူးနှင့် စာရင်းကိုင်တို့သည် ဒို့ကျေးရွာအဖွဲ့အမှုဆောင်များ ဖြစ်ကြသည်။
- အမှုဆောင်များအတွင်းမှ ဉက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဘက်အတွင်းရေးမှူး၊ စာရင်းကိုင်နှင့်ငွေကိုင်တို့ကို ရွေးချယ်ရမည်။

  (အဖွဲ့ငယ်ဖြစ်စေ၊ပင်မအဖွဲ့ဖြစ်စေ၊ အမှုဆောင်များသည် စေတနာ့ဝန်ထမ်းဖြစ်ရမည်။ လစာခံစားခွင့်မရှိ။)

အဖွဲ့၏ လုပ်ငန်းများ

၁။ လစဉ်အဖွဲ့ဝင်အားလုံးအစည်းအဝေးကျင်းပရမည်။

၂။ တပတ်တကြိမ် (၅) ဦးအဖွဲ့အစည်းအဝေးကျင်းပရမည်။

၃။ (၂)ပတ်တစ်ကြိမ် (၂၀)ဦးအဖွဲ့အစည်းအဝေးကျင်းပရမည်။

၄။ အပတ်စဉ် (သို့) လစဉ်စုဆောင်းငွေ မည်မျှစုဆောင်းရမည်ကို အဖွဲ့ဝင်အားလုံး အစည်းအဝေးကဆုံးဖြတ်ရမည်။

၅။ ရရှိသော စုဆောင်းငွေကို ချေးငွေအဖြစ် မည်သို့ခွဲဝေထုတ်ပေးမည်ကို အဖွဲ့ဝင် အားလုံး အစည်းအဝေးကဆုံးဖြတ်ရမည်။ အတိုးနှန်းကိုလည်း အများသဘောတူ သတ်မှတ်ရမည်။

၆။ ချေးငွေပြန်ဆပ်မှု တစ်ပတ်လည်သည့်အခါ ပြန်လည်သုံးသပ်ပြီး ပိုမိုကောင်းမွန်သော စည်းကမ်းများဖြင့် နောက်တစ်ကြိမ် ထုတ်ချေးရမည်။

၇။ အစည်းအဝေးမှတ်တမ်းများ ငွေဝင်/ထွက်စာရင်းများကို သေချာစွာ သိမ်းဆည်း ရမည်။

ချေးငွေရယူလိုသူ၏ တာဝန်များ

၁။ ချေးငွေ၊ အဆိုပြုလွှာမတင်မီ မိမိပြုလုပ်လိုသော စီးပွားရေးလုပ်ငန်းကို အရှုံးအမြတ်၊ တွက်ချက်ပြီး လိုအပ်သောပမာဏအတွက်သာ အဆပြုလွှာတင်ရမည်။

၂။ မိမိ၏ တင်ပြချက်သည် ကျိုးကြောင်းမဆီလျော်သဖြင့် ပင်မချေးငွေ၊ စိစစ်ရေးအဖွဲ့က ပြင်ဆင်ရန် (သို့) ပြောင်းလဲရန် တောင်းဆိုလျှင် လိုက်နာပြောင်းလဲရမည်။

၃။ တစ်ဦးချင်း မိမိ၏ မိသားစုငွေစာရင်းမှတ်တမ်းထားရှိရမည်။

၄။ ကတိပြုထားသည့်အတိုင်း မှန်မှန်စုဆောင်းခြင်း၊ မှန်မှန်ပြန်ဆပ်ခြင်း ပြုလုပ်ရမည်။

၅။ မိမိကျွမ်းကျင်ပြီး မိမိနှင့်သင့်တော်သောလုပ်ငန်းကိုသာ အဆိုပြုရမည်။

၆။ စီးပွားရေးပုံစံ အသစ်ကို ဖော်ဆောင်လိုပါက မိမိကိုယ်တိုင် ကြိုတင်လေ့လာသင်ယူ ခြင်း၊ အဖွဲ့ကစည်းရုံးစီစဉ်ပေးသော သင်တန်းကို တက်ရောက်ပြီးမှသာ စတင်လုပ် ကိုင်ရန် အခွင့်အလမ်းတောင်းခံခွင့်ရှိသည်။

စုငွေ/ချေးငွေကြီးကြပ်ရေးလုပ်ငန်းအဖွဲ့

၁။ (၂၀)ဦး အဖွဲ့ဝင်၊ အမှုဆောင်အားလုံးသည် မိမိအုပ်စုအတွင်းရှိ (၅)ဦးအဖွဲ့ဝင်၊ အားလုံး၏ ချေးငွေအသုံးချမှု မှန်၊မမှန်ကြီးကြပ်ရမည်။

၂။ တွေ့ရှိချက်များ၊ အရေးယူရန်၊ ပြုပြင်ပြောင်းလဲရန်အချက်များကို ပင်မကျေးရွာအသင်း အမှုဆောင်အစည်းအဝေးတွင် တင်ပြဆုံးဖြတ်ရမည်။

၃။ မရိုးသားမှု၊ ပေါ့ဆမှုကြောင့် မဟုတ်ဘဲ လုပ်ငန်းအရင်းအနှီးပျက်စီးခြင်းအတွက် ထပ်ဆင့်ချေးငွေ ပေးသင့်မပေးသင့်ဆွေးနွေးဆုံးဖြတ်၊ အထောက်အကူပေးရမည်။

၄။ အဖွဲ့ဝင်အားလုံးအစည်းအဝေးကို ရ. ယ. က အဖွဲ့ဝင်များအား ဖိတ်ကြားရမည်။ အကြံပြုချက်ရယူနိုင်သည်။

၅။ ချေးငွေပြဿနာတစုံတစ်ရာပေါ်ပေါက်လာလျှင် ရယကအကူအညီဖြင့် ဖြေရှင်းနိုင်သည်။

၁၀။ နောက်ဆက်တွဲ ပုံစံများ

ဒို့ကျေးရွာ (၁) အဖွဲ့ဝင်စာရင်း

| စဉ် | အမည် | အလုပ်အကိုင် | လိပ်စာ | အုပ်စုအမှတ် |
|---|---|---|---|---|
| | | | | |

ဒို့ကျေးရွာ (၂)

အမှုဆောင်စာရင်း (၂၀၀၉ ခုနှစ်)

| စဉ် | ၅ဦးအဖွဲ့အမတ် | အမည် | အဖွဲ့ဝင်အမှတ် | တာဝန် |
|---|---|---|---|---|
| | | | | ခေါင်းဆောင်<br>အတွင်းရေးမှူး |

| စဉ် | ၂၀ ဦးအဖွဲ့အမှတ် | အမည် | အဖွဲ့ဝင်အမှတ် | တာဝန် |
|---|---|---|---|---|
| | | | | အဖွဲ့ခေါင်းဆောင်<br>အတွင်းရေးမှူး<br>စာရင်းကိုင် |

| စဉ် | ပင်မအမှုဆောင် | အမည် | အဖွဲ့ဝင်အမှတ် | တာဝန် |
|---|---|---|---|---|
| | | | | ဥက္ကဋ္ဌ<br>အတွင်းရေးမှူး<br>ဒုတိယအတွင်းရေးမှူး<br>စာရင်းကိုင်<br>ငွေကိုင်<br>အဖွဲ့ဝင် |

ဒို့ကျေးရွာ (၃) အဖွဲ့ဝင်အသိအမှတ်ပြုပုံစံ

--------------------မြို့နယ်၊ -------------------------ကျေးရွာအုပ်စု၊ ----------------- ကျေးရွာရှိ ဒို့ကျေးရွာငွေစုငွေချေးအသင်း၊ အဖွဲ့ဝင်များသည် ဤကျေးရွာတွင်နေထိုင်သူ------------- -----နေ----------------လုပ်ကိုင်သူ၊ ဦး/ဒေါ်----------------------အား အသင်း၏စည်းကမ်း များကိုလိုက်နာရန် သဘောတူသဖြင့် --------------------နေ့မှစ၍ အဖွဲ့ဝင်အဖြစ် အသိအမှတပြုလိုက်သည်။

ဥက္ကဋ္ဌ အတွင်းရေးမှူး စာရင်းကိုင်

ဒို့ကျေးရွာ (၄)အသင်းစည်းကမ်းများ

၁။ ဤကျေးရွာတွင် အမြဲတမ်းအတည်တကျနေထိုင်သူကိုသာ အဖွဲ့ဝင်အဖြစ် အသိအမှတ်ပြုသည်။

၂။ အဖွဲ့ဝင်အဖြစ် ဝင်ရောက်လိုသူသည် အသင်း၏စည်းကမ်းများကိုလေ့လာဖတ်ရှု လိုက်နာနိုင်သည်ဟု သဘောတူညီပြီးမှသာ အသင်းဝင်အဖြစ် တောင်းဆိုလျှောက် ထားနိုင်သည်။

၃။ အဖွဲ့ဝင်တိုင်းသည် လိုအပ်လာသည့်အခါ အမှုဆောင်အဖြစ်တာဝန်ပေးအပ်ပါက တာဝန်ယူနိုင်ရမည်။

၄။ အမှုဆောင်အဖြစ်တာဝန်ထမ်းရပါက အခမဲ့စေတနာဝန်ထမ်းလုပ်ဆောင်ရမည်။ အကျိုးခံစားခွင့်တစုံတရာ တောင်းဆိုခွင့်မရှိ။

၅။ အဖွဲ့ဝင်တိုင်းသည် ရရှိသောချေးငွေကို မိသားစုစီးပွားရေးအတွက် ကောင်းစွာအသုံး ချရမည်။

၆။ ချဲထီရောင်းဝယ်ခြင်း၊ မီးသွေးရောင်းဝယ်ခြင်း၊ အရက်ဆေးလိပ်ရောင်းဝယ်ခြင်း ဥပဒေနှင့် မညီသောလုပ်ငန်းလုပ်ကိုင်ခြင်းများအတွက် ချေးငွေကို အသုံးမပြုရ။

၇။ အမှုဆောင်များသည် အသင်းဝင်များ၏ စီးပွားရေးလုပ်ငန်း အဆင်ပြေမပြေကို လုပ်ငန်းခွင်အရောက်မေးမြန်းကြည့်ရှုစုံစမ်းခွင့်ရသည်။ အဖွဲ့ဝင်ကလည်း မိမိ၏စီးပွား ရေးအခြေအနေကို ရိုးသားစွာရှင်းလင်း ပြောဆိုရန် တာဝန်ရှိသည်။

၈။ အဖွဲ့ဝင်တိုင်းသည် အသင်း၏ပုံမှန်အစည်းအဝေးကို တက်ရောက်ရမည်။

၉။ မှန်မှန်ငွေကြေးစုဆောင်း၊ မှန်မှန်ပေးဆပ်ရမည်။

၁၀။ အစည်းအဝေးတက်ရန် ပျက်ကွက်နိုင်ပါက ကြိုတင်အကြောင်းကြားခွင့်တိုင်ရမည်။ စုငွေချေးငွေကို ကြိုတင်ပေးသွင်းနိုင်လျှင် ပေးသွင်းရမည်။

၁၁။ တစ်နှစ်လျှင် အစည်းအဝေး (၄)ကြိမ်ထက်ပို၍ ပျက်ကွက်ခွင့်မရှိ ပိုမိုပျက်ကွက်ပါက နောက်တစ်ကြိမ် ချေးငွေပမာဏကို လျှော့ချခြင်းခံရမည်။ သို့မဟုတ်ချေးငွေတပတ် မပေးသော ပြစ်ဒဏ်ကိုခံယူရမည်။

၁၂။ စာရင်းကိုင်သည် ဥက္ကဌ၏ အတည်ပြုချက်ရရှိထားသော လစဉ်ငွေစာရင်းရှင်းတမ်းကို အဖွဲ့ဝင်အားလုံးအစည်းအဝေးတွင် ဖတ်ကြားရမည်။ မရှင်းလင်း၍ မေးမြန်းသော မေးခွန်းများကို ရှင်းလင်းဖြေကြားရမည်။

၁၃။ အတွင်းရေးမှူးသည် ချေးငွေကြီးကြပ်ရေးအဖွဲ့၏ လုပ်ငန်းများကို တွေ့ရှိချက်များက အဖွဲ့သို့ (၆)လတစ်ကြိမ် တင်ပြရမည်။ နောက်တစ်ကြိမ်ချေးငွေထုတ်မပေးမီ ကြီးကြပ်ရေးအဖွဲ့၏ တွေ့ရှိချက်များအရ စည်းကမ်းများ ပြုပြင်သတ်မှတ်နိုင်သည်။

၁၄။ အဖွဲ့မှ နှုတ်ထွက်လိုလျှင် ကြိုတင်အကြောင်းကြားရမည်။ ချေးငွေလက်ကျန်အားလုံး ပေးဆပ်ပြီးပါက မိမိစုဆောင်းငွေအားလုံးကို ပြန်ထုတ်ယူနိုင်သည်။

၁၅။ ချေးငွေအပေါ်ကောက်ခံမည့်အတိုးနှုန်းကို အဖွဲ့ဝင်အားလုံးအစည်းအဝေးတွင် ဆုံးဖြတ်သတ်မှတ်သည်။

၁၆။ ချေးငွေပေါ်မှရသော အတိုးဝင်ငွေများသည် အသင်းသားအားလုံးပိုင်ဆိုင်သည်။

၁၇။ အသင်းတွင် အသင်း၏ပန်းတိုင်၊ ဆောင်ရွက်ရမည့်နည်းလမ်း၊ အဓိကရည်မှန်းချက် များရှိရမည်။ အတိုးဝင်ငွေများကို အသင်း၏ရည်မှန်းချက်အကောင်အထည်ဖော်ရာ တွင် အသုံးချနိုင်သည်။

၁၈။ အသင်း၏ရည်မှန်းချက်သည် တစ်ဦးချင်းဝင်ငွေတိုးရေးသာ မျှော်မှန်းပါက နှစ်ကုန် လျှင်အမြတ်ခွဲယူနိုင်သည်။ အသင်း၏ ရည်မှန်းချက်သည် ကျေးရွာဖွံ့ဖြိုးရေးဖြစ်ပါက ကျေးရွာဖွံ့ဖြိုးရေးအတွက်အသုံးပြုနိုင်သည်။

၁၉။ အသင်းပိုင်ငွေကို ကိုယ်ကျိုးသုံးခွင့်မရှိ၊ အလွဲသုံးစားလုပ်ခွင့်မရှိ။ ပြုလုပ်ပါက အသင်းမှ ထုတ်ပယ်ခံရမည့်အပြင် ဥပဒေကြောင်းအရ အရေးယူခံရမည်။

ဒို့ကျေးရွာ(၅) ငွေဝင်ထွက်မှတ်တမ်း

| စဉ် | နေ့စွဲ | အကြောင်းအရာ | ဝင်ငွေ | ထွက်ငွေ | လက်ကျန် | ရေးသွင်းသူ လက်မှတ် | အတည်ပြုသူ လက်မှတ် |
|---|---|---|---|---|---|---|---|
| | | | | | | | |
| | | စုစုပေါင်း | | | | | |

ဒို့ကျေးရွာ(၆) စုဆောင်းငွေစာရင်း

| စဉ် | နေ့စွဲ | အဖွဲ့ဝင်အမှတ် | အမည် | စုဆောင်းငွေ | ယခင်စုငွေ လက်ကျန် | ယနေ့စုစုပေါင်း စုငွေလက်ကျန် |
|---|---|---|---|---|---|---|
| | | | | | | |
| | | စုစုပေါင်း | | | | |

ဒို့ကျေးရွာ(၇) ချေးငွေစာရင်း

| စဉ် | နေ့စွဲ | အဖွဲ့ဝင်အမှတ်စဉ် | ချေးယူသူအမည် | အဆိုပြုလုပ်ငန်းအမည် | ချေးငွေပမာဏ | ချေးယူသည့်ကာလ |
|---|---|---|---|---|---|---|
| | | | | | | |
| | | စုစုပေါင်း | | | | |

ဒို့ကျေးရွာ(၈) ပြန်ဆပ်ငွေစာရင်း (ဇူလိုင်လ ၂၀၀၉)

| စဉ် | အဖွဲ့ဝင်အမှတ် | အမည် | ချေးငွေပေါင်း | ယနေ့ထိဆပ်ပြီးငွေ | ယနေ့ဆပ်ငွေ | ဆပ်ပြီးငွေပေါင်း | ကျန်ငွေပေါင်း | လက်မှတ် |
|---|---|---|---|---|---|---|---|---|
| | | | | | | | | |
| | စုစုပေါင်း | | | | | | | |

ဒို့ကျေးရွာ(၉) သုံးငွေစာရင်း (ဇူလိုင်လ ၂၀၀၉)

| လက်မှတ် | စဉ် | နေ့စွဲ | အကြောင်းအရာ | သုံးငွေ | သုံးစွဲသူ လက်မှတ် | ခွင့်ပြုသူ လက်မှတ် |
|---|---|---|---|---|---|---|
| | | | | | | |
| | | စုစုပေါင်း | | | | |

ဒို့ကျေးရွာ(၁၀) ဝင်ငွေစာရင်း ( ဇူလိုင်လ ၂၀၀၉)

| စဉ် | နေ့စွဲ | အကြောင်းအရာ | ဝင်ငွေ | လက်ခံသူလက်မှတ် | စာရင်းကင်<br>လက်မှတ် |
|---|---|---|---|---|---|
| | | | | | |
| | | စုစုပေါင်း | | | |

ဒို့ကျေးရွာ(၁၁) နှစ်ချုပ်ရသုံးစာရင်း (၂၀၀၉ ခုနှစ်)

| စဉ် | ငွေ | ဝင်ငွေ | ထွက်ငွေ | လက်ကျန် | စာရင်းကင်<br>လက်မှတ် | ဥက္ကဋ္ဌ<br>လက်မှတ် |
|---|---|---|---|---|---|---|
| | | | | | | |
| | | စုစုပေါင်း | | | | |

ဒို့ကျေးရွာ ၁၂ ချေးငွေအဆိုပြုပုံစံ

ကျွန်တော် ဦး/ဒေါ် -------------------- အဖွဲ့ဝင်အမှတ် ( )သည် စိုက်ပျိုးရေးလုပ်ငန်းအတွက်ချေးငွေ ( )ကို ရယူလိုပါသဖြင့် အဆိုပြုပါသည်။ ရရှိပါက အဆိုပြုစီးပွားရေးလုပ်ငန်းအတွက်သာအသုံးပြုပါမည်။ စုငွေမှန်မှန်ထည့်ခြင်းဆပ်ငွေမှန်မှန်ဆပ်ခြင်း ကိုလည်း စည်းကမ်းနှင့်အညီ ဆောင်ရွက်ပါမည်။ မမှန်မကန်အသုံးပြုခြင်း/ ပျက်ကွက်ခြင်းရှိပါက အဖွဲ့၏စည်းကမ်း၊ တရားဥပဒေနည်းလမ်းတို့ဖြင့် အရေးယူခြင်းကို ခံယူမည်ဟု ကတိပြုပါသည်။

အဆိုပြုသူ

( )

အဖွဲ့ဝင်အမှတ်

-----------------ကျေးရွာ

နေ့စွဲ ------------

အထက်ပါလျှောက်လွှာသည် စည်းကမ်းနှင ညီ/မညီသဖြင့် ချေးငွေကြီးကြပ်ရေးအဖွဲ့က ထုတ် ချေးရန် သဘောတူသည်။/ သဘောမတူပါ။

ဥက္ကဋ္ဌ အတွင်းရေးမှူး စာရင်းကိုင်

နေ့စွဲ --------------

ဒို့ကျေးရွာ (၁၃) အဆိုပြုလုပ်ငန်းစီးပွားတွက်ချက်ခြင်း

၁၃ (က)

| စဉ် | သုံးစွဲရမည့်အကြောင်း | ပမာဏ | နှုန်း | ကျန်ငွေ | မှတ်ချက် |
|---|---|---|---|---|---|
| | (အသုံးစရိတ်များ၊ ဆပ်ငွေ များ၊စုငွေများပါရမည်) | | | | |
| | စုစုပေါင်း | | | | |

၁၃ (ခ)

| စဉ် | ဝင်ငွေရစေမည့်အကြောင်း | ပမာဏ | နှုန်း | ရငွေ | မှတ်ချက် |
|---|---|---|---|---|---|
| | (အဓိကလုပ်ငန်းဝင်ငွေ ဤလုပ်ငန်းမှ ဆက်စပ်ဝင်ငွေ အတိုးရ ငွေတို့ပါရမည်) | | | | |

၁၃ (ဂ) အရှုံးအမြတ် (ဖြစ်နိုင်ခြေဇယား)

| | | |
|---|---|---|
| ဝင်ငွေပေါင်း | | |
| ကုန်ငွေပေါင်း | | |
| မြတ်ငွေ | | |

တဖက်ပါ ဝင်ငွေထွက်ငွေတွက်ချက်ရာတွင် ဝင်ငွေရရှိမှု စီးပွားလုပ်ငန်းသဘောအရ တွက်ချက်ရပါမည်။ နေ့စဉ်ရင်း၊ နေ့စဉ်အမြတ်ပေါ်ပါက နေ့စဉ်စာရင်းတွက်ပါ။ အပတ်စဉ်/လစဉ်ဆိုပါက အပတ်စဉ်/လစဉ်စာရင်းဖော်ပါ။ စိုက်ပျိုးရာသီအလိုက်ဆိုပါက စိုက်ပျိုးရာသီအလိုက် စာရင်းဖော်ပါ။

ဒို့ကျေးရွာ (၁၄) အစည်းအဝေးမှတ်တမ်း

(၅)ဦးအဖွဲ့/(၂၀) ဦးအဖွဲ့/ဗဟိုအမှုဆောင်/သင်းလုံးကျွတ် အစည်းအဝေး

နေ့စွဲ ---------------------------------------

အချိန် ------------------------မှ -------------------------ထိ

နေရာ -------------------------အိမ်/ကျောင်း -----------------------ရွာ

တက်ရောက်သူများ

| စဉ် | အမည် | အဖွဲ့ဝင်အမှတ် | လက်မှတ် |
|---|---|---|---|
| | | | |

**အစီအစဉ်**

၁။ -----------------------

၂။ -----------------------

၃။ -----------------------

၄။ -----------------------

**ဆွေးနွေးချက်များ**

၁။ -----------------------

၂။ -----------------------

၃။ -----------------------

၄။ -----------------------

**ဆုံးဖြတ်ချက်များ**

၁။ -----------------------

၂။ -----------------------

၃။ -----------------------

၄။ -----------------------

**မှတ်တမ်းတင်သူ** **အတည်ပြုသူ**

**အဖွဲ့ဝင်** **ဥက္ကဋ္ဌ** **အတွင်းရေးမှူး**

ဒို့ကျေးရွာ (၁၅)    တစ်ဦးချင်း ငွေစာရင်းမှတ်တမ်း (အဖွဲ့ဝင်ထံတွင် သိမ်းရန်)

စုငွေစာရင်း

| စဉ် | နေ့စွဲ | စုငွေ | ပြန်ထုတ်ငွေ | လက်ကျန် | အဖွဲ့ခေါင်းဆောင် လက်မှတ် |
|---|---|---|---|---|---|
| | | | | | |

ချေးငွေစာရင်း

| စဉ် | နေ့စွဲ | ဆပ်ငွေ | | | လက်ကျန် | အဖွဲ့ခေါင်းဆောင် |
|---|---|---|---|---|---|---|
| | | အရင်း | အတိုး | ပေါင်း | | |
| | | | | | | |

တစ်ဦးချင်းစာအုပ်မျက်နှာဖုံး

| အဖွဲ့ဝင်၏စည်းကမ်းများ | ဒို့ကျေးရွာ ငွေစုငွေချေးအသင်း |
|---|---|
| ၁။ စည်းကမ်းများကိုလိုက်နာပါမည်။ | တစ်ဦးချင်းငွေစာရင်းစာအုပ် |
| ၂။ ချေးငွေကိုကောင်းစွာအသုံးချပါမည်။ | အမည် |
| ၃။ ချေးငွေကိုမှန်မှန် ပြန်ဆပ်ပါမည်။ | အဖွဲ့ဝင်အမှတ် |
| ၄။ အစည်းအဝေးမှန်မှန်တက်ပါမည်။ | ကျေးရွာ |
| ၅။ ကျေးရွာကောင်းကျိုးဆောင်ရွက်ပါမည်။ | ထုတ်ပေးသည့်နေ့ |

လေ့ကျင့်ခန်း (၁) အသုံးအဖြုန်းဆန်းစစ်ခြင်း

အဆင့် (၁) ကျား၊ မ၊ ကျားကလေး၊ မကလေး၊ အုပ်စု (၄)စုံ ခွဲပါ တလစာ သုံးစွဲစရာ ပစ္စည်း/အကြောင်းအရာ အမျိုးအမည်ခန့်မှန်း၊ ကုန်ကျငွေကိုရေးပါ။ ကုန်ကျငွေ အားလုံးကိုပေါင်းပါ။

အဆင့် (၂) အားလုံးထဲမှ မရှိမဖြစ် သက်သက်ပစ္စည်းစာရင်းကို ရွေးထုတ်ပါ။ (ယင်းမှာ အသုံးစရိတ်ဟု ဆိုနိုင်ပါသည်။) အားလုံးထဲမှ မသုံးသော်လည်း ဖြစ်နိုင်သော ပစ္စည်းစာရင်းကို ရွေးထုတ်ပါ။ (ယင်းမှာ အဖြုန်းစရိတ်ဟု ဆိုနိုင်ပါမည်)

အသုံးစာရင်းကို ပေါင်းကြည့်ပါ။ အဖြုန်းစာရင်းကို ပေါင်းကြည့်ပါ။

အသုံးကအဖြုန်းထက် မည်မျှများနေသည်ကို တွေ့ရပါမည်။ သို့မဟုတ် အဖြုန်းသည် စုစပေါင်းသုံးငွေ ၏ ရာခိုင်နှုန်းမည်မျှတွင် နေရာယူထားသည်ကို တွေ့ရပါမည်။

အဆင့် (၃) အဖြုန်းများကို စုငွေအဖြစ်သတ်မှတ်ခိုင်းပါ.

ယင်းစုငွေများကို (၁)လစုငွေ၊ (၆)လစုငွေ၊ (၁)နှစ်စုငွေ၊ ထင်မြင်ချက်တောင်းခံပါ။

လေ့ကျင့်ခန်း (၂) စီးပွါးလုပ်ငန်းတွက်ချက်ခြင်း

အုပ်စု (၄)စုခွဲပါ။ စီးပွားရေးလုပ်ငန်းတစ်ခုစီ၏ အရှုံးအမြတ်စာရင်းကို ပြုစုပါစေ။

အဖွဲ့ချင်းပြန်လည်တင်ပြခိုင်းပါ။

အပြန်အလှန်အပြုသဘော ဝေဖန်ခြင်းဖြင့် စီးပွားရေးတွက်ချက်မှု ဗဟုသုတကို လေ့ကျင့်ပေးပါ။

လေ့ကျင့်ခန်း (၃) စီးပွါးလုပ်ငန်း စ/ဆုံးလုပ်ကိုင်ဆောင်ရွက်ပုံ

စီးပွားရေးလုပ်ငန်းတစ်ခုစီ၏ အကောင်အထည်ဖော်မှု အဆင့်များကို တက်ရောက်သူများအား ရေးဆွဲခိုင်းပါ။

အပြန်အလှန်ဝေဖန်ခိုင်းပါ။

ပြီးမှ Project Cycle စီမံကိန်းသံသရာအကြောင်းရှင်းပြပေးပါ။

လေ့ကျင့်ခန်း (၄) ငွေစာရင်းပုံစံတည်ဆောက်ခြင်း

ငွေစာရင်းပြုစုခြင်းကို လေ့ကျင့်ခိုင်းပါ။

ချေးငွေစာရင်း၊ စုငွေစာရင်း၊ ပြန်ဆပ်ငွေစာရင်း၊ (၁)နှစ် ဝင်ငွေစာရင်း၊ စာရင်းချုပ်

ပြီးမှ ဒို့ကျေးရွာပုံစံများကို ရှင်းပါ။

လေ့ကျင့်ခန်း (၅) ချေးငွေပေးရန်ဆုံးဖြတ်ခြင်း

ချေးငွေကော်မတီ၏လက်ဝယ်သို့ ချေးငွေအဆိုပြုလွှာများရောက်နေပါသည်။ (၅)သောင်းတောင်းသူ (၃)ဦး၊ (၈)သောင်းတောင်းသ (၂)ဦး၊ (၁)သိန်းတောင်းသူ၊ (၁)ဦး။

| | | | | |
|---|---|---|---|---|
| ၅၀၀၀၀ | × | ၃ | = | ၁၅၀,၀၀၀ |
| ၈၀၀၀၀ | × | ၂ | = | ၁၆၀,၀၀၀ |
| ၁၀၀၀၀၀ | × | ၁ | = | ၁၀၀,၀၀၀ |
| | | | | ၄၁၀,၀၀၀ |

အသင်း၏ လက်ဝယ်ရှိ ထုတ်ချေးနိုင်မည့် ပမာဏမှ ၃၀၀၀၀၀ိ/သာရှိပါသည်။ ချေးငွေကော်မတီအနေနှင့် မည်သို့ဆုံးဖြတ်သတ်မှတ်မည်ကို အဖွဲ့ (၄)ဖွဲ့ခွဲ၍ လေ့ကျင့်ပါစေ။

လေ့ကျင့်ခန်း (၆) ချေးငွေသုံးစွဲပုံများယွင်းသူကို စိစစ်ခြင်း

ဦးညိုသည် ပြီးခဲ့သောကာလ ချေးငွေထုတ်ချေးခဲ့ပါသည်။ ချေးငွေမှာ ၁၀၀၀၀၀ိ/- ဖြစ်ပါသည်။ ထိုချေးငွေအနက်မှ ၆၀၀၀၀ိ/-ကိုသာ စီးပွားရေးအတွက် အသုံးပြုပါသည်။ ၄၀၀၀၀ိ/- ကို အခြားလုပ်ငန်းတွင် သုံးစွဲလိုက်ပါသည်။

ကြီးကြပ်ရေးကော်မတီနေဖြင့် ဤအခြေအနေကို တွေ့ရှိပါက မည်သို့လုပ်သင့်ပါသနည်း။ ဆုံးဖြတ်ပေးပါ။ အဖွဲ့ (၄)ဖွဲ့ခွဲ၍ ဆုံးဖြတ်ပါစေ။ အချင်းချင်းပြန်လည်တင်ပြပါစေ။

၁၀။ နိဂုံး

ကျေးရွာလူထု အခြေပြုငွေစုငွေချေး အသင်းလက်စွဲစာစောင် (မူကြမ်း) ကို ပြုစုလိုက်ပါသည်။ ရသည့်အချိန်အတွင်း တတ်နိုင်သမျှပြည့်စုံအောင် ပြုစုထားပါသည်။ ဖြည့်စွက်စရာ ပြင်ဆင်စရာများရှိပါသည်။ အကြံပြုနိုင်ပါသည်။ ဤစာစောင်ပါစည်းကမ်းများပုံစံများသည် ဒေသအခြေအနေ၊ ရွာအခြေအနေအရ ပြုပြင်သုံးစွဲရန်လိုကောင်းလိုပါမည်။ ပြုပြင်နိုင်ပါသည်။ ပြုပြင်သည့်အခါ အများသဘောတူရပါမည်။ ဥပဒေနှင့်အညီ ဖြစ်ရပါမည်။ ပုံစံများကို ကိုယ်တိုင်ပါဝင်ကြီးကြပ်စစ်ဆေးရလွယ်ကူသော အစီအစဉ်ဖြင့် ပြုစုထားပါသည်။ ပုံစံများကို ပြင်ဆင်လိုလျှင် တတ်ကျွမ်းသူ၏အကူအညီကို ရယူရပါမည်။

ယခင်က စာရင်းမလုပ်ဖူးသူများ၊ အသင်းလုပ်ငန်းများ မလုပ်ဖူးသူတို့အတွက် ဤလုပ်ငန်းများသည် ခက်ကောင်းခက်နေပါမည်။ သို့သော် ဤမျှစဉ်းစား ဆောင်ရွက်မှသာ နောက်ဆက်တွဲဖြစ်လာတတ်သည့် ပြဿနာများကို ကာကွယ်နိုင်ပါမည်။ ရေရှည်တည်တံ့သော ငွေစုငွေချေးအသင်းဖြစ်လာပါမည်။ အသင်းပိုင်ငွေများလာသည့်အခါ အသင်းကို မှတ်ပုံတင်ခြင်း၊ အသင်းပိုင်ငွေကို ဘဏ်တခုခုတွင် စာရင်းဖွင့် သမ်းဆည်းခြင်း ပြုလုပ်ရပါမည်။

မြန်မာနိုင်ငံတွင် ကိုယ်ထူကိုယ်ထငွေစုငွေချေးအသင်းများစွာ လိုအပ်နေပါသည်။ ဤစာအုပ်ကို အသုံးပြုလုပ်ဆောင်ခြင်းဖြင့် အောင်မြင်သော အသင်းပေါ်ထွက်လာပါစေ၊ ဤအသင်း၏ အောင်မြင်မှုကြောင့် အားကျအတုယူပြီး မြန်မာနိုင်ငံအတွင်း ကိုယ်ထူကိုယ်ထငွေစုငွေချေးအသင်းများများစွာ ပေါ်ပေါက်လာပါစေ။ ကျေးလက်ပြည်သူများ ဖွံ့ဖြိုးရေးဗဟုသုတပြည့်ဝလာကြပါစေဟု ဆုတောင်းလိုက်ပါသည်။

ပြုစုသူ ။ ။ ဦးသိန်းဇော် (Save The Children )

မူကြမ်းပြီးသည့်နေ့စွဲ ။ ။ ၃၁. ၅. ၀၉